လူတစ်ဦးသည် မိမိ၏အိမ်သို့ဝင်သည့်အခါ

အလ္လာဟ်အရှင်မြတ်၏ နာမတော်အား

သူဝင်ရောက်သည့်အချိန်နှင့် ထမင်းစားသည့်အချိန်တွင် တသပါက ရှိုင်သွာန်က (သူ၏အဖေါ်များအား) သင်တို့အတွက်ညအိပ်မည့်နေရာလည်းမရှိသလို၊

ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့ရသည်။ လူတစ်ဦးသည် မိမိ၏အိမ်သို့ဝင်သည့်အခါ အလ္လာဟ်အရှင်မြတ်၏
နာမတော်အား သူဝင်ရောက်သည့်အချိန်နှင့် ထမင်းစားသည့်အချိန်တွင် တသ ပါက
ရှိုင်သွာန်က (သူ၏အဖေါ်များအား) သင်တို့အတွက် ညအိပ်မည့်နေရာလည်းမရှိသလို၊
ညစာလည်းနေရာမရှိတော့ပါဟု ပြောကြားသည်။ အကယ်၍ ထိုသူသည် အိမ်သို့ဝင်သည့်အခါ
အလ္လာဟ်အရှင်မြတ်၏ နာမတော်အား သူဝင်လာသည့်အချိန်တွင် တသခြင်းမရှိပါက
ရှိုင်သွာန်က (သူ၏အဖေါ်များအား)သင်တို့အတွက် ညအိပ်မည့်နေရာရှိပြီဖြစ်သည်ဟု
ပြောကြားသည်။ အကယ်၍ ထမင်းစားသည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်အား တသခြင်းမရှိပါက
ရှိုင်သွာန်က (သူ၏အဖေါ်များအား) သင်တို့အတွက် ညအိပ်မည့်နေရာလည်းရှိပြီး
ညစာအတွက်လည်းရှိသည်ဟု ပြောကြားသည်။ [صحيح] [رواه مسلم]

တမန်မြတ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အိမ်သို့ဝင်သည့်အချိန်နှင့်ထမင်းမစားမည်အလျင် အလ္လာဟ်အရှင်မြတ်အား သတိရတသရန် မိန့်ကြားတော်မူထားသည်။ အကယ်၍လူတစ်ဦးသည် မိမိ၏အိမ်သို့ဝင်သည့်အချိန်နှင့် ထမင်းစားသည့်အချိန်တွင် ‘ဗိစ်မိလ္လာဟ်’ ဟူ၍ အလ္လာဟ်အရှင်မြတ်အား သတိရတသပါက ရှိုင်သွာန်က သူ၏အဖေါ်များအားသင်တို့အတွက် ဤအိမ်၌ ညအိပ်စရာ နေရာလည်းမရှိသလို ညစာအတွက်လည်း ဝေစုမရှိတော့ပါဤအိမ်ရှင်သည် အလ္လာဟ်အရှင်မြတ်အား သတိရတသကာ သင်တို့ရန်မှအကာအကွယ်ယူခဲ့သည်ဟုပြောကြားသည်။ အကယ်၍ လူတစ်ဦးသည် မိမိအိမ်သို့ဝင်ရောက်သည့်အခါ အိမ်အဝင်နှင့် အစားအစာစားသောက်သည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းမရှိပါက ရှိုင်သွာန်ကသူ၏အဖေါ်များအား သင်တို့အတွက် ညအိပ်စရာနေရာလည်းရှိပြီး ညစာအတွက်လည်းနေရာရှိသည်ဟုပြောကြားသည်။

http://www.sunnah.global/hadeeth/my/show/3037